# E.N.C.

## Ethnic Nationalities Council (Union of Burma)

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)

P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND
Email: <office@encburma.org>, Website: http://www.encburma.org

သို့/
ENC အကြံပေးအဖွဲ့ဝင်များ
သဘာပတိအဖွဲ့ဝင်များ
အတွင်းရေးမှူးအဖွဲ့ဝင်များ

ရက်စွဲ။ ။ အောက်တိုဘာလ ၅ ရက်၊ ၂၀၀၉ခုနှစ်။

အကြောင်းအရာ။ ။ Senator Webb သို့ ပေးပို့သည့် စာကိစ္စ။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ ENC အထွေထွေအတွင်းရေးမှူး၏ ၂၀/၉/၂၀၀၉ ခုနှစ် ရက်စွဲပါ Senator Webb ထံ ပေးပို့သည့် စာအပေါ် ဥက္ကဋ္ဌဖြစ်သူ ကျနော့်အနေဖြင့် တစုံတရာ မသိရှိရပါ။

၂။ ENC ဖွဲ့စည်းပုံအခြေခံဥပဒေအရ သဘာပတိအဖွဲ့သည် နိုင်ငံရေးဦးဆောင်မှု တာဝန်ရှိပြီး၊ အတွင်းရေးမှူးအဖွဲ့သည် နေ့စဉ်လုပ်ငန်းများကို တာဝန်ခံရန်ဖြစ်သည်။

၃။ ENC သည် နအဖ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝလက်မခံကြောင်း၊ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို လည်း လက်မခံကြောင်း၊ သို့ရာတွင် ဝင်ရောက်အရွေးခံလိုသည့် တိုင်းရင်းသားအဖွဲ့များ၊ ပုဂ္ဂိုလ်များနှင့် ဆန္ဒမဲပေးမည့် ပြည်သူလူထုကို ဆန့်ကျင်တိုက်ခိုက်သွားမည်မဟုတ်ကြောင်းကိုလည်း သဘောထားချမှတ်ထားပြီးဖြစ်သည်။

၄။ ထို့ကြောင့် Senator Webb သို့ ပေးပို့သော စာသည် ENC ၏ သဘောထားအမှန်မဟုတ်ကြောင်း သိရှိရန်နှင့် ယင်းပြဿနာရပ်နှင့် ပတ်သက်၍ လာမည့် သုံးလပတ်အစည်းအဝေးတွင် အကြေအလည် ဆွေးနွေးချမှတ်သွားရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။



ခူးထဲဘူးဖဲ
ဥက္ကဋ္ဌ
ENC